မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

# ဆီးဟော့(စ်) ထရေးဒင်း လီမိတက်

၏

## သင်းဖွဲ့မှတ်တမ်း

နှင့်

## သင်းဖွဲ့စည်းမျဉ်းများ

**THE MYANMAR COMPANIES ACT**

**PRIVATE COMPANY LIMITED BY SHARES**

## Memorandum Of Association

***AND***

## Articles Of Association

***OF***

# SEA HORSE TRADING LIMITED

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

# ဆီးဟော့(စ်) ထရေးဒင်း လီမိတက်

၏

## သင်းဖွဲ့မှတ်တမ်း

၁။ ဤကုမ္ပဏီ၏ အမည်သည် **"ဆီးဟော့စ် ထရေးဒင်း လီမိတက်"** ဖြစ်ပါသည်။

၂။ ဤကုမ္ပဏီ၏ မှတ်ပုံတင် အလုပ်တိုက်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းတွင် တည်ရှိသည်။

၃။ ကုမ္ပဏီကို တည်ထောင်ရသော ရည်ရွယ်ချက်များမှာ—

(၁) အောက်ပါ လုပ်ငန်းများကို မိမိတစ်ဦးတည်း ဖြစ်စေ၊ အခြား မည်သည့် နိုင်ငံခြား သို့မဟုတ် ပြည်တွင်း လုပ်ငန်းများနှင့် ဖက်စပ်လုပ်ငန်း သို့မဟုတ် အစုစပ်လုပ်ငန်း အဖြစ်ဖြင့် လုပ်ကိုင်ရန်။

(က) ငွေညှိအမျိုးမျိုးနှင့် ပတ်သက်၍ သွင်းကုန်လုပ်ကိုင်သူများ၊ ထုတ်ကုန်လုပ်ကိုင်သူများ၊ အထွေထွေ ကုန်သည်များ၊ ကုန်လှောင်ရုံ လုပ်ကိုင်သူများ၊ လက်ကားရောင်းသူများနှင့် လက်လီရောင်းသူများ၊ ကုန်လှောင်သူများ၊ ပွဲစားများ၊ ကော်မရှင် ကိုယ်စားလှယ်များ၊ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးနှင့် ထုတ်ယူရှင်းလင်းရေး ကိုယ်စားလှယ်များ၏ လုပ်ငန်းများ၊

(ခ) စက်မှုသက်မှု စိုက်ပျိုးရေး၊ သစ်တော(ကျွန်းသစ်မှအပ)၊ ရေလုပ်ငန်း၊ မွေးမြူရေး၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ (လေကြောင်းနှင့် မီးရထားမှအပ)၊ စီးပွားရေး လုပ်ငန်းများနှင့် ဆက်နွယ်သော ပစ္စည်းအမျိုးအစား အားလုံးကို တိုးတက်ဖွံ့ဖြိုးစေခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ အဆင့်ဆင့် ထုတ်လုပ်ခြင်း လုပ်ငန်းများ။

(ဂ) ကြော်ငြာခြင်း လုပ်ငန်းများနှင့် အများအား အသိပေးခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဧည့်ခံဖျော်ဖြေခြင်း၊ ကျွမ်းကျင်မှု လုပ်ငန်းများနှင့် အတိုင်ပင်ခံများ၏ လုပ်ငန်းများ။

(ဃ) အထက်ပါ လုပ်ငန်းရည်ရွယ်ချက်များနှင့် ပတ်သက်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ဤကုမ္ပဏီ အား အကျိုးဖြစ်ထွန်းစေမည့် အခြား လုပ်ငန်းများ။

(၂) ကုမ္ပဏီမှ သင့်လျော်လျောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးစေရန် အတွက် မည်သည့်ပုဂ္ဂိုလ်၊ စီးပွားရေး အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် ဘဏ် သို့မဟုတ် ငွေကြေး အဖွဲ့အစည်းထံမှမဆို ငွေချေးယူရန်။

(၃) ထို့အပြင် အထက်ပါ ရည်ရွယ်ချက်များ သို့မဟုတ် ၎င်းအနက်မှ မည်သည့် ရည်ရွယ်ချက်ကိုမဆို ရယူ အောင်မြင်ရန် လိုအပ်သည် သို့မဟုတ် ဆက်စပ်လျက် သို့မဟုတ် အထောက်အကူ ဖြစ်စေသည့် လုပ်ဆောင်ချက် များ၊ အမှုကိစ္စများနှင့် အကြောင်းအချက်အလက်များတို့ကို ယေဘုယျအားဖြင့် ပြုလုပ်ဆောင်ရွက်ရန်။

ခြွင်းချက်။ ။ကုမ္ပဏီသည် အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း၌ဖြစ်စေ၊ အခြား အရပ်ဒေသတစ်ခုခု၌ဖြစ်စေ အခါအားလျော်စွာ တည်မြဲနေသည့် ဥပဒေများအရ ခွင့်ပြုထားသော လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုပါ။ ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ အချိန်အခါ အားလျော်စွာ တည်မြဲနေသည့် ဥပဒေ ပြဋ္ဌာန်းချက်များ၏ ခွင့်ပြုချက်နှင့် သဘောတူညီချက် ရရှိထားသော လုပ်ငန်းများကိုသာ ဆောင်ရွက်မည်ဟု ခြွင်းချက်ထားရှိသည်။

၄။ အစုရှင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားသည်။

၅ ။ ကုမ္ပဏီ၏ ခွင့်ပြုရင်းနှီးငွေမှာ ကျပ် ၅၀,၀၀၀,၀၀၀/- (ကျပ် သန်းငါးဆယ် တိတိ) ဖြစ်၍ ကျပ် ၁,၀၀၀/- (ကျပ် တစ်ထောင်တိတိ)တန် အစုပေါင်း ၅၀,၀၀၀ (ငါးသောင်း) ခွဲထားသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေ သင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိသည်။

အောက်တွင် အမည်၊ လူမျိုး၊ နေရပ်နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့မှတ်တမ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ငွေရင်းတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

| စဉ် | အစုထည့်ဝင်သူများ၏ အမည် နေရပ်လိပ်စာနှင့် အကြောင်းအရာ | နိုင်ငံသား၊ အမျိုးသား မှတ်ပုံတင်အမှတ် | ဝယ်ယူသော အစုရှယ်ယာ ဦးရေ | ထိုးမြဲ လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးတင်အုန်း၊ အမှတ် ၂(က)၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ကုန်သည်) | မြန်မာ တီဂျီကေ— ဝ၆၇၉၆၈ | ၅၀ | |
| ၂။ | ဦးမင်းခင်၊ အမှတ် ၂(က)၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ကုန်သည်) | မြန်မာ အမ်အမ်အို— ၂၇၄၁၀၀ | ၅၀ | |
| ၃။ | ဦးမောင်မောင်ရွှေ၊ အမှတ် ၁၇၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ (ကုန်သည်) | မြန်မာ အမ်အမ်အို- ၂၈၀၂၀၈ | ၅၀ | |
| ၄။ | ဦးစိုးလွင်၊ အမှတ် ၂(က)၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ကုန်သည်) | မြန်မာ တီဂျီကေ— ဝ၆၆၀၅၇ | ၅၀ | |
| ၅။ | ဒေါ်ကြည်ကြည်၊ အမှတ် ၅၂၊ ဦးဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ (ကုန်သည်) | မြန်မာ တီကေအို- ၀၀၀၁၂၁ | ၅၀ | |

ရန်ကုန်။ ။နေ့စွဲ။ ၁၉ နှစ် လ၊ ရက်။

အထက်ပါ လက်မှတ်ရှင်များသည် ကျွန်ုပ်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

ဦးဝင်းသင်၊ (ဘီ ကွမ်း၊ ဘီအယ်လ်၊ အာဗ်ရာ)
စာရင်းစစ်
အမှတ် ၁၆၁၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့။

# မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

# ဆီးဟော့(စ်) ထရေးဒင်း လီမိတက်

၏

## သင်းဖွဲ့စည်းမျဉ်းများ

ပဏာမ

၁။ ဤကုမ္ပဏီသည် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ ဖြစ်သည့်အားလျော်စွာ အောက်ဖော်ပြပါ စည်းမျဉ်းများနှင့် လိုက်လျောညီထွေ မရှိ၊ သို့တည်းမဟုတ် ဖယ်ထုတ်ထားခြင်း သို့မဟုတ် ပြောင်းလဲ ပြင်ဆင်ထားသည်တို့မှ အပ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ၏ ပထမ ဇယားပုံစံ (က) တွင် ပါရှိသည့် စည်းမျဉ်းဥပဒေများသည် ဤကုမ္ပဏီနှင့် အကျုံးဝင် သက်ဆိုင်စေရမည်။

### မလွှဲမသွေလိုက်နာရမည့် စည်းမျဉ်းများ

၂။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၇(၂)တွင် ဖော်ပြပါရှိသည့် မလွှဲမသွေ လိုက်နာရမည့် စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် အမြဲတစေ သက်ဆိုင်စေရမည်။

### အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

၃။ ဤကုမ္ပဏီသည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂(၁၃)၏ အဓိပ္ပာယ်အတွင်းမှာရှိသော ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခု ဖြစ်သည်။

### မတည်ငွေရင်းနှင့် အစုရှယ်ယာများ

၄။ ကုမ္ပဏီ၏ ခွင့်ပြုရင်းနှီးငွေမှာ ကျပ် ၅၀,၀၀၀,၀၀၀/- (ကျပ် သန်းငါးဆယ် တိတိ) ဖြစ်၍ ကျပ် ၁,၀၀၀/- (ကျပ် တစ်ထောင်တိတိ)တန် အစုပေါင်း ၅၀,၀၀၀ (ငါးသောင်း) ခွဲထားသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေ သင်းအုံးကွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိသည်။

### အစုရှယ်ယာများအပေါ် ဦးစားပေး အခွင့်အရေး

၅။ လက်ရှိ အစုရှယ်ယာဝင်များနှင့် ၎င်းတို့၏ မိသားစုများအား ဤကုမ္ပဏီ၏ ဒါရိုက်တာများက ဆုံးဖြတ်သော ဈေးနှုန်းဖြင့် ရှယ်ယာခွဲဝေခြင်း၊ လွှဲပြောင်းခြင်းများကို ဦးစားပေးရမည်။ ဤသို့ ဦးစားမပေးဘဲ အပြင်လူများကို အစုရှယ်ယာများ ခွဲဝေခြင်း၊ လွှဲပြောင်းခြင်း မပြုစေရ။

## ဒါရိုက်တာများ

၆။ အထွေထွေ အစည်းအဝေးကြီးတွင် အခြားနည်း ဆုံးဖြတ်ထားသည်မှအပ၊ ဒါရိုက်တာများ၏ ဦးရေသည် အနည်းဆုံး (နှစ်)ဦး ဖြစ်ပြီး၊ အများဆုံး (တစ်ဆယ့်တစ်)ဦး ဖြစ်ရမည်။

၇။ ပထမ ဒါရိုက်တာ များမှာ—

(၁) ဦးတင်အုန်း၊
(၂) ဦးမင်းခင်၊
(၃) ဦးမောင်မောင်ရွှေ၊
(၄) ဦးစိုးလွင်၊ ....နှင့်
(၅) ဒေါ်ကြည်ကြည်....တို့ ဖြစ်ကြပါသည်။

၈။ ဒါရိုက်တာ တစ်ဦးစီ၏ အရည်အချင်းသည် မိမိကိုယ်ပိုင် အမည်ဖြင့် ကုမ္ပဏီတွင် အနည်းဆုံး အစုရှယ်ယာ (၅၀) (ငါးဆယ်) စု ပိုင်ဆိုင်ခြင်း ရှိစေရမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်။

၉။ ကုမ္ပဏီသည် သာမန်ထက် ထူးကဲသော ဆုံးဖြတ်ချက်ဖြင့် မည်သည့် ဒါရိုက်တာကိုမဆို ဖယ်ရှားနိုင်၍ ၎င်းနေရာတွင် အခြား မည်သည့် ပုဂ္ဂိုလ်ကိုမဆို သာမန် ဆုံးဖြတ်ချက်ဖြင့် ခန့်အပ်နိုင်သည်။ ထိုသို့ မဖြစ်ပေါ်လျှင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၆(စ)အရ ထုတ်ပယ်ခြင်း မခံရသမျှ ဒါရိုက်တာများ အဖွဲ့သည် နှစ်စဉ် ရာထူးကို ရယူထားနိုင်သည်။

၁၀။ (၁) ဒါရိုက်တာများထဲမှ ရှောင်တခင် နေရာလစ်လပ်ခဲ့သော် ဒါရိုက်တာသစ်များကို အစားထိုးခန့်ထားခြင်း မပြုဘဲ ထားနိုင်သည်။ နောက်သာမန် အစည်းအဝေးက သာမန် ဆုံးဖြတ်ချက်ဖြင့် ဒါရိုက်တာသစ်များ ခန့်ထားရမည်။

(၂) မည်သည့် ဒါရိုက်တာမဆို ဤကုမ္ပဏီ၏ လုပ်ငန်းများကို ခေတ္တ မဆောင်ရွက်နိုင်ခဲ့သော် ဒါရိုက်တာများသည် ၎င်း၏နေရာတွင် ခွင့်ယူသွားသော ဒါရိုက်တာက လွှဲအပ်သည့် မည်သူ့ အားမဆို အစားထိုး ခန့်ထားနိုင်သည်။ ထိုသို့ အစားထိုးခန့်ထားခြင်း ခံရသူတိုင်းသည် ထိုဒါရိုက်တာ မရှိခိုက်တွင် ဒါရိုက်တာများ အစည်းအဝေးသို့ တက်ရောက်နိုင်ခွင့်နှင့် မဲပေးနိုင်ခွင့် ရှိစေရမည်။ ထိုသူသည် ခွင့်ယူသွားသော ဒါရိုက်တာ၏ အာဏာများ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ အားလုံးကို ဆက်လက် ရရှိလုပ်ကိုင်စေရမည်။ အကယ်၍ ခွင့်ယူသွားသော ဒါရိုက်တာ ကွယ်လွန်လျှင် သို့မဟုတ် ဒါရိုက်တာ ရာထူးမှ ရပ်စဲခြင်း ခံရလျှင် ချက်ချင်းပင် ၎င်းအား အစားထိုးခန့်ထားသည့် ပုဂ္ဂိုလ်၏ ခန့်ထားခြင်းသည်လည်း ရပ်ဆိုင်းသွားစေရမည်။ ဒါရိုက်တာ တစ်ဦးအား အစားထိုး ဆောင်ရွက်နေသော ပုဂ္ဂိုလ်တိုင်းသည် ကုမ္ပဏီ၏ အရာရှိတစ်ဦး ဖြစ်ပြီးလျှင် ကုမ္ပဏီအား ၎င်း၏ ဆောင်ရွက်မှုများနှင့် ပျက်ကွက်မှုများအတွက် ၎င်းတစ်ဦးတည်း၌သာလျှင် တာဝန်ရှိစေရမည်ဖြစ်ပြီး ခွင့်ယူသွားသော ဒါရိုက်တာ၏ ကိုယ်စားလှယ်ဟု ၎င်းအား မယူဆစေရ။

၁၁။ ဒါရိုက်တာများသည် မိမိတို့၏ ခံစားခွင့်များကို အထွေထွေ အစည်းအဝေးကြီးက တစ်နည်းနည်းဖြင့် မပြင်မခြင်း မိမိတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်သည်။

၁၂။ (၁) ဒါရိုက်တာများသည် ကုမ္ပဏီ၏ ကိစ္စအလို့ငှာ အချိန်ကာလအားလျော်စွာ မိမိတို့ သင့်လျော်သည်ဟု ထင်မြင်သော ငွေကို ချေးယူ သို့မဟုတ် လက်ခံနိုင်သည်။ ထို့ပြင် ဒါရိုက်တာများသည် ဤကုမ္ပဏီ၏ ပစ္စည်းအားလုံး အပေါ်တွင် လည်းကောင်း၊ ဒါရိုက်တာများ၊ အစုရှင်များနှင့် အခြားလူများ၊ ပစ္စည်းများ အပေါ်တွင် လည်းကောင်း၊ တစ်ခုခုအပေါ်တွင် လည်းကောင်း ပေါင်နှံခြင်းဖြင့် ဖြစ်စေ၊ တာဝန်တင်ထားခြင်းဖြင့် ဖြစ်စေ ဒါရိုက်တာများက သင့်လျော်သည်ဟု ထင်မြင်သော ငွေကို ပြန်လည်ပေးဆပ်ရန် သို့မဟုတ် ထုတ်ပေးရန်အတွက် ချေးယူနိုင်သည်။

(၂) ဒါရိုက်တာတို့သည် ကြီးကြပ်အုပ်ချုပ်သူ ဒါရိုက်တာ သို့မဟုတ် အထွေထွေ မန်နေဂျာ သို့မဟုတ် ကြီးကြပ်အုပ်ချုပ်သူ ကိုယ်စားလှယ် သို့မဟုတ် ၎င်းတို့မှ သင့်လျော်သည်ထင်သည့် ၎င်းတို့အဖွဲ့မှ အဖွဲ့ဝင် သို့မဟုတ် အဖွဲ့ဝင်များ ပါဝင်သည့် ကော်မတီသို့ ၎င်းတို့၏ မည်သည့် အာဏာကိုမဆို လွှဲအပ်နိုင်သည်။ ကြီးကြပ်အုပ်ချုပ်သူ ဒါရိုက်တာ သို့မဟုတ် အထွေထွေ မန်နေဂျာ သို့မဟုတ် ကြီးကြပ်အုပ်ချုပ်သူ ကိုယ်စားလှယ်များ သို့မဟုတ် ထိုသို့ ဖွဲ့စည်းထားသည့် မည်သည့် ကော်မတီကိုမဆို ဒါရိုက်တာတို့က အချိန်အားလျော်စွာ ချမှတ်သည့် စည်းကမ်းချက်၊ သတ်မှတ်ချက်များနှင့်အညီ ၎င်းတို့အား လွှဲအပ်သည့် အာဏာများကို အသုံးပြုရာ၌ လိုက်နာပြုလုပ်ရမည်။

## အစုရှယ်ယာများအား သိမ်းဆည်းခြင်း

၁၃။ ကုမ္ပဏီသည် သာမန် ဆုံးဖြတ်ချက်ဖြင့် မည်သည့် အပြည့်ပေးသွင်းပြီး အစုရှယ်ယာများကိုမဆို သက်ဆိုင်ရာ အစုရှယ်ယာရှင်များအား မခွဲဝေရသေးသော အမြတ်များ၊ နာမည်ကောင်းနှင့် အခွန်အခများကို ထိုက်သင့်သလို အလေးထား၍ ဒါရိုက်တာများက သင့်တင့်သည်ဟုယူဆသော အချိန်ကာလအတွင်း သင့်မြတ်သော ဈေးနှုန်းပေး၍ သိမ်းဆည်းနိုင်ပြီး ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် အစုရှယ်ယာများအား လက်ရှိ အစုရှယ်ယာရှင်များနှင့် ၎င်းတို့၏ မိသားစုများအား ပြန်လည်ခွဲဝေနိုင်သည်။

## စိုက်လျော်ကြေး

၁၄။ မိမိ၏ ကြိုတင်ကြံစည် လုပ်ဆောင်ချက်၊ ပေါ့လျော့မှု၊ သို့မဟုတ် ဥပဒေအရ မလွတ်ကင်းသော မှားယွင်းမှုမှလွဲ၍ ကုမ္ပဏီ၏ ဒါရိုက်တာ၊ ကြီးကြပ်အုပ်ချုပ်သူ၊ စာရင်းစစ်၊ အတွင်းရေးမှူး သို့တည်းမဟုတ် အခြား အရာရှိ တစ်ဦးဦးမှာ မိမိ၏ တာဝန် ဝတ္တရားများကိုဆောင်ရွက်ရာ၌ဖြစ်စေ၊ ထိုတာဝန် ဝတ္တရားများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ကျခံခဲ့ရသည့် စရိတ်များ၊ တောင်းခံငွေများ၊ ဆုံးရှုံးငွေများ၊ ကုန်ကျငွေများနှင့် ကြွေးမြီ တာဝန်များ အတွက် ကုမ္ပဏီမှ လျော်ကြေးရထိုက်ခွင့် ရှိစေရမည်။

အောက်တွင် အမည်၊ လူမျိုး၊ နေရပ်နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့စည်းမျဉ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ငွေရင်းတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

| စဉ် | အစုထည့်ဝင်သူများ၏ အမည် နေရပ်လိပ်စာနှင့် အကြောင်းအရာ | နိုင်ငံသား၊ အမျိုးသား မှတ်ပုံတင်အမှတ် | ဝယ်ယူသော အစုရှယ်ယာ ဦးရေ | ထိုးမြဲ လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးတင်အုန်း၊<br>အမှတ် ၂(က)၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်၊<br>ရန်ကုန်။ (ကုန်သည်) | မြန်မာ<br>တီဂျီကေ–<br>၀၆၇၉၆၈ | ၅၀ | |
| ၂။ | ဦးမင်းခင်၊<br>အမှတ် ၂(က)၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်၊<br>ရန်ကုန်။ (ကုန်သည်) | မြန်မာ<br>အမ်အမ်အို–<br>၂၇၄၁၀၀ | ၅၀ | |
| ၃။ | ဦးမောင်မောင်ရွှေ၊<br>အမှတ် ၁၇၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊<br>ရန်ကုန်။ (ကုန်သည်) | မြန်မာ<br>အမ်အမ်အို- ၂၈၀၂၈၈ | ၅၀ | |
| ၄။ | [illegible]၊<br>အမှတ် ၂(က)၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်၊<br>ရန်ကုန်။ (ကုန်သည်) | မြန်မာ<br>တီဂျီကေ–<br>၀၆၆၀၅၇ | ၅၀ | |
| ၅။ | ဒေါ်[illegible]၊<br>အမှတ် ၅၂၊ [illegible]၊ တာမွေမြို့နယ်၊<br>ရန်ကုန်။ (ကုန်သည်) | မြန်မာ<br>တီကေအို– ၀၀၀၁၂၁ | ၅၀ | |

ရန်ကုန်၊ ၊နေ့စွဲ၊ ၁၉ နှစ် လ၊ ရက်။

အထက်ပါ လက်မှတ်ရှင်များသည် ကျွန်ုပ်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

ဦးဝင်းသင်၊ (ဘီကွမ်း၊ ဘီအယ်လ်၊ အာရ်အေ)
စာရင်းစစ်
အမှတ် ၁၆၁၊ ကုန်စျေးတန်းလမ်း၊ ရန်ကုန်မြို့။